မွတ်စ်လင်မ်တစ်ဦးသည် မိမိ၏ညီနောင် မွတ်စ်လင်မ် အတွက်မျက်ကွယ်မှပြုလုပ်ပေးသော ဒိုအာသည် (အလ္လာဟ်အရှင်မြတ်ထံတော်၌) လက်ခံခြင်းခံရသည်

အွမ်မုဒရ်ဒါအ်နှင့် အဘူဒရ်ဒါအ် (ရဿွိယလ္လာဟုအန်ဟုမာ) တို့က ဆင့်ပြန်ခဲ့သည်။
ရစူလုလ္လာဟ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်တော်မူခဲ့သည်မှာ-
မွတ်စ်လင်မ်တစ်ဦးသည် မိမိ၏ညီနောင် မွတ်စ်လင်မ် အတွက် မျက်ကွယ်မှပြုလုပ်ပေးသော
ဒိုအာသည် (အလ္လာဟ်အရှင်မြတ်ထံတော်၌) လက်ခံခြင်းခံရသည်။ ထိုသူ၏ ခေါင်းပေါ်တွင်
တာဝန်ပေးအပ်ခြင်းခံထားရသော မလာအိကဟ်တစ်ပါး ရှိနေသည်။ ထိုသူသည် မိမိညီနောင်အတွက်
ကောင်းသည့် ဒိုအာပြုလုပ်သည့်အခါတိုင်း ထိုတာဝန်ပေးအပ်ခြင်းခံထားရသော မလာအိကဟ်က "အာမီးန်" ဟုပြောဆိုပြီး ‘သင့်အတွက်လည်း အလားတူပင် ဖြစ်ပါစေ’ ဟု ဒုအာပြုပေး‌လေသည်။” [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြား‌ တော်မူခဲ့သည်မှာ - မွတ်စ်လင်မ်တစ်ဦးသည် အခြားမွတ်စ်လင်မ် ညီ‌နောင်တစ်ဦးအတွက် ထိုသူ၏ မျက်ကွယ်၌ ပြုလုပ်ပေးသော ဒိုအာသည် အလ္လာဟ်အရှင်မြတ်ထံတော်၌ လက်ခံတော်မူခြင်းခံရသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အိခ်လားစ်အားဖြင့်အလွန်ပြည့်စုံသောကြောင့်ဖြစ်သည်။ထို့ပြင် ဒုအာပြုလုပ်ပေးသူ၏ ခေါင်းပေါ်တွင် တာဝန်ပေးအပ်ထားသော မလာအိကဟ်တစ်ပါးရှိနေပြီး၊ ၎င်းသည် မိမိ၏ညီနောင်အတွက် ကောင်းသည့် ဒိုအာပြုလုပ်သည့်အခါတိုင်းထိုမလာအိကဟ်က “အာမီးန်” ဟု ပြောဆိုကာ “သင့်အတွက်လည်း အသင်တောင်းခဲ့သလို အလားတူပင်ဖြစ်ပါစေ” ဟု ဒုအာပြုပေးလေသည်။

https://sunnah.global/hadeeth/my/show/3219